# ဩရစ် ဇွင်ဂလီ



ဘွဲ့ဦးထုပ်ကို ဆောင်းထားသည့် ဩရစ် ဇွင်ဂလီ.

ဩရစ် ဇွင်ဂလီသည် ဆွစ်လူမျိုး ပညာရှင် တစ်ဦးဖြစ်၍၊ ဒေသပိုင် သင်းအုပ်ဆရာတော် တစ်ပါးလည်း ဖြစ်ပေ သည်။ ပရိုတက်စ်တင့် ပြုပြင်ပြောင်းလဲရေး အစပိုင်းတွင် ဩဇာတက္ကိမ ကြီးထွားခဲ့သူလည်း ဖြစ်ပေသည်။ ဇွင်ဂလီက သူ၏ ဘာသာရေးဆိုင်ရာ အယူအဆသည် လူသာထံမှ ချေငှားထားခြင်း မဟုတ်ဟု ကြေငြာခဲ့၍၊ လူသာ၏ ကျော်ကြားသော ဆန္ဒထုတ်ဖော်ပြသမှု မတိုင်မီ အေဒီ ၁၅၁၆ တွင် သီအိုရီကို ကြေငြာခဲ့ပေသည်။ သို့သော်လည်း သူ၏ ထိမ်းညှိခြင်း ဩဝါဒသည် ဂျာမန် ဒေသစာရီ ရဟန်း၏ ဆင့်ပြန်ချက်နှင့် ဆင်တူယိုမှား ရှိနေပေသည်။ ၁၅၁၈ ခုနှစ်တွင် ဇွင်ဂလီအား ဇူးရစ်မှ ဂရေ့ခ်စ်မွန်းစတား အသင်းတော် ကောလိပ်ကျောင်း၌ ရာထူးပေးခြင်း ခံရပေသည်။ ယင်းစဉ်ကပင် ဆက်စပ်ခဲ့သော ထိုနေရာ၌ပင် နောက်ဆုံး ကွယ်လွန်ချိန်အထိ နေသွားခဲ့ပေသည်။ မကြာမီ သူသည် မြို့၏ နာယက အဖြစ် ရာထူးတက်လာခဲ့၍၊ ဆွစ်ဇာလန်နှင့် ကာသိုလစ် ဟစ်ဘာ့တ် အင်ပါယာ ချားလ် (၅) တို့အကြား နိုင်ငံရေး တင်းမာမှုမှာ အရှိန်မြင့်လာခဲ့ပေသည်။ ဤအနေ အထားတွင် ဇွင်ဂလီသည် သူ၏ ပြုပြင်ပြောင်းလဲခြင်း ဆိုင်ရာ အမြင်များကို စတင် ဟောပြောခဲ့ပေသည်။ ၎င်း တွင် ထိမ်းညှိခြင်းဆိုင်ရာ ဩဝါဒ ကို ပိုမိုသေချာသော ထောက်ပြချက်များ ပါဝင်ခဲ့ပေသည်။ သို့သော် ရုပ်ပွားများ အား အမွန်အမြတ် ထားခြင်းသည် ရုပ်ပွားဆင်းတု ကိုးကွယ်ခြင်းသာ ဖြစ်၍၊ ဤသည် ပထဦးဆုံး ပညတ်တော် ကို ချိုးဖေါက်ခြင်းသာ ဖြစ်သည်ဟူသော အချက်၊ ယူချာရစ်တွင် ပကတိဖြစ်တည်ခြင်း ကို ငြင်းပယ်ခြင်း စသော အချက်များကဲ့သို့ လူသာနှင့် အရှိန်အဟုန်ပြင်းစွာ သဘောထားကွဲမှုများ ရှိနေပေသည်။ မကြာမီတွင် မြို့တော် ကောင်စီမှ ဇွင်ဂလီ၏ ဩဝါဒကို လက်ခံခဲ့၍၊ သူသည် ပိုမို အခြေခံကျသော ပြုပြင်ပြောင်းလဲရေး၏ အဓိက ပြယုဂ် ဖြစ်လာပေသည်။ သူ့အား ကြည်ညိုလေးစားသူများနှင့် နောက်လိုက်ဒကာများက သူ၏ ဩဝါဒများကို သူရည်ရွယ်ထားသည်ထက်ပို၍ တိုးချဲ့ဆောင်ကြည်းခဲ့ပေသည်။ ၎င်းအထဲတွင် အရွယ်မရောက်သော သူငယ် အား နှစ်ခြင်းခံပေးခြင်းအား လက်မခံခြင်းများလည်း ပါဝင်ပေသည်။ ဤ လူသာနှင့် ဇွင်ဂလီအကြား ကွဲလွဲမှု သည် လူသာရင်နှင့် ပြုပြင်ပြောင်းလဲခြင်း ဒသနအကြား ပရိုတက်စ်တင့် ကွဲပြားမှု၏ ဇစ်မြစ် ဖြစ်လာခဲ့ ပေသည်။ ထိုအချိန်တွင် နိုင်ငံရေး တင်းမာမှု ရေချိန်မှာ မြင့်မားလာခဲ့၍၊ ဇွင်ဂလီနှင့် ဇူးရစ် ခေါင်းဆောင်များသည် အတွင်း ပိုင်း ဆွစ်ဇာလန် ကာသိုလစ် ပြည်နယ်များအား စီးပွားရေး ပိတ်ဆို့မှုကို ပြုလုပ်ခဲ့ရာမှ စစ်ပွဲဖြစ် သည့် အချေသို့ ဦးတည်ခဲ့ပေတော့သည်။ ထိုစစ်ပွဲတွင် သံချပ်ကာ အပြည့်ဝတ်ဆင်ထားသော ဇွင်ဂလီသည် သူ့တပ်များနှင့် အတူ သတ်ဖြတ် လုပ်ကြံခံလိုက်ရပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com